ကံဇီးကျေးရွာ

ကုလားကြီးကျေးရွာအုပ်စု၊ ချောင်ဦးမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကံဇီးကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချောင်းဦးမြို့နယ်၏
အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၂၀ ပြည့်နှစ် ဇွန်လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကံဇီးကျေးရွာသယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန် ၄

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေဧရိယာ

(ဂ) အဓိကသီးနှံများနှင့်အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(င) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၈

(က) ကုန်စည်နှင့်ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၉

၉။ ကျား-မ ရေးရာ ၁၀

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

(က) ဦးစားပေးစီမံချက်များ ၁၁

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၁၂

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၃-၁၄

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ ၁၅-၁၆

ကော်မတီဝင်များစာရင်း ၁၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ခု၊ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ ကြပါသော လွတ်တော်ကိုယ်စားလှယ်များအသီးသီး၊မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီ ဝင်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရအရေးကြီးအချက် အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများ နှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူ အညီ ရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီး အပိုင်း(၂) သည်စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံဇီးကျေးရွာ၊ချောင်းဦးမြို့နယ်

၂၀၂၀ ခုနှစ်၊ ဇွန် လ( )ရက်

ကံဇီးကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြကွဒိန်





စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်

အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေး

လုပ်ငန်းများ

(က)နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကံဇီးကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံး နှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်

စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့်ပထဝီအနေအထား

ကံဇီးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း ချောင်းဦး - အမြင့် လမ်းမကြီးဘေးတွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ချောင်းဦးမြို့နှင့် ဆက်သွယ် သွားလာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး ချင်းတွင်း မြစ်ရေဒေသဖြစ်၍ နှံးတင်မြေနု လယ်မြေ များတွင် မြေအောက်ရေကို စိုက်ပျိုးရေးအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက္ခ(၃၀) နှင့် လက္ခ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေကော (၂၉၉)ကေခန့်ရှိပြီး စပါး၊ ဂျုံ၊ ပဲတီစိမ်း အဓိက စိုက်ပျိုးပါသည်။ သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ ကုက္ကိုလ်ပင်များ ပေါက်ရောက်ပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး ၊ အဓိကခိုင်းနွားများအတွက် အစာများဖြစ်သည့် ကောက်ရိုး ၊ မြက်တို့ကို လွယ်ကူစွာရရှိနိုင်၍ စားကျက်မြေသီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုဝင်ပေါင်း(၁၇၀)ရှိပြီး ၊ စုစုပေါင်းလူဦးရေ(၈၀၄)ဦး၊ ကျား(၃၇၅)ဦး ၊ မ(၄၂၉)ဦး မှီတင်းနေထိုင်ကြပါသည်။ ကျေးရွာရှိလူဦးရေတွင် အလုပ်လုပ်နိုင်သူ အသက်(၁၅)နှစ် မှ(၆၄)နှစ်အတွင်း လူဦးရေ (၅၉၂)ဦး ရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၄)ဖွဲ့၊ ဘာသာရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါ သည်။ ယင်းအဖွဲ့အစည်းများအနက် အမျိုးသမီးများ နှင့် လူငယ်များမှ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း များ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး၊ ကျေးရွာ၏လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ်

ကျေးမွေးရေးလုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် လူငယ်အဖွဲ့အနေဖြင့် ကျေးရွာ၏စိုက်ပျိုးရေး၊စီးပွါးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်းများရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများမှာလည်း ညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျှက်ရှိကြပါသည်။

၄။ စီးပွားရေး နှင့် အသက်မွေးမှုအခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သင့်တင့်ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၁၀%)သည် အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး၊(၁၇%)သည် မပြေလည်သော အိမ်ထောင်စု (၄၃%)သည် အလယ်အလတ်ရှိသော အိမ်ထောင်စု နှင့် (၃၀%)သောအိမ်ထောင်စုသည် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေဧရိယာ

ကံဇီးကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုအနေဖြင့် ယာမြေ အမျိုးအစားများဖြစ်ပြီး စိုက်ပျိုးရေး အနေအထား အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးနိုင်သော ယာမြေဧကပေါင်း (၂၉၉)ရှိပြီး စပါး၊ ဂျုံ၊ ပဲတီစိမ်း သီးနှံများ အဓိက စိုက်ပျိုးပါသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ကျေးရွာ၏ အဓိကသီးနှံများမှာ စပါး၊ ဂျုံ၊ ပဲတီစိမ်း သီးနှံများ လုပ်ကိုင်ကြပါသည်။ အဓိက စပါးတစ်ဧကလျှင် အနည်းဆုံး(၅၀)တင်း၊ အများဆုံး(၁၀၀)တင်း နှင့် ပျှမ်းမျှ(၆၅)တင်း ထွက်ရှိသည်။ ဂျုံတစ်ဧကလျှင် အနည်းဆုံး (၁၅)တင်း၊ အများဆုံး (၃၀)တင်း နှင့် ပျှမ်းမျှ (၂၀)တင်း ထွက်ရှိပါသည်။ ပဲတီစိမ်းတစ်ဧကလျှင် အနည်းဆုံး (၁၀)တင်း၊ အများဆုံး (၁၅)တင်း နှင့် ပျှမ်းမျှ(၁၂)တင်း ထွက်ရှိပါသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ကံဇီးကျေးရွာတွင် ခိုင်းနွားအဖြစ် မွေးမြူသောအိမ်ထောင်စု အများစုရှိပြီး ဝက်၊ ကြက် တစ်ပိုင် တစ်နိုင် မွေးမြူသော အိမ်ထောင်စုအချို့ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင် တစ်နိုင် စီးပွားဖြစ် လုပ်ကိုင်သော အိမ်ထောင်စု (၈၅)စု ရှိပါသည်။

(c) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ကံဇီးကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်း အဖြစ် စိုက်ပျိုးရေးနေ့စား လုပ်သားများ၊ ဈေးဆိုင်နှင့် အစိုးရဝန်ထမ်းအချို့ ရှိပါသည်။ ရပ်တည်နိုင်မှု အနေဖြင့် အလယ်အလတ်အဆင့်တွင် ရှိပါသည်။

၅။ အခြေခံအဆောက်အဦး နှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုအခြေအနေ

ကံဇီးကျေးရွာသည် ချောင်းဦး-အမြင့် လမ်းမကြီး၏ဘေးတွင် တည်ရှိပါသည်။ ဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပါသည်။ ကံဇီးကျေးရွာ နှင့် အနီးဆုံးဈေးမှာ(၅)မိုင်ခန့် ဝေးသည့် ချောင်းဦးဈေးဖြစ်ပြီး စားသောက်ကုန်အတွက် အလွယ်တကူနှင့် ဝယ်ယူရရှိနိုင်ပါသည်။ အကြီးစား ဈေးကွက်ဖြစ်သည့် မုံရွာမြို့သို့ လွယ်ကူစွာသွားလာနိုင်ပါသဖြင့် ဈေးကွက်ဝန်ဆောင်မှု ကောင်းမွန် ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ကံဇီးကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရ ခက်ခဲပါသဖြင့်လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေး အတွက် စက်ဘီး (၅)စီး၊ မော်တော်ဆိုင်ကယ်(၁၈၁)စီး၊ ထော်လာကျီ(၅)စီး နှင့် နွားလှည်း(၄၀)စီး အသုံးပြုလျှက်ရှိ ပါသည်။

လျှပ်စစ်မီးရရှိပြီးဖြစ်ပြီး အသုံးပြုနိုင်သော အိမ်ထောင်(၁၀၁)စုရှိပြီး တစ်အိမ်သုံး ဆိုလာစနစ် အသုံးပြုနိုင်သော အိမ်ထောင်စု(၂၄)စုနှင့် အသုံးမပြုနိုင်သော အိမ်ထောင်စု (၅၅)စုရှိပါသည်။ ကျေးရွာရှိ အိမ်တိုင်းသည် လက်ကိုင်ဖုန်းများ အသုံးပြုနေကြပြီး ဖြစ်ပါသည်။ အင်တာနက်

အသုံးပြုနိုင်မှုရှိပြီး အခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထားသဖြင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

၆။ ပညာရေး

ကံဇီးကျေးရွာတွင် မူလတန်းကျောင်းသား ပေါင်း(၅၂)ဦး၊ အလယ်တန်း ကျောင်းသား ပေါင်း (၃၆)ဦး၊ အထက်တန်းကျောင်းသား (၁၅)ဦး နှင့် တက္ကသိုလ် ၊ ကောလိပ်ကျောင်းသား (၈)ဦးရှိပြီး မူလတန်းနှင့် အလယ်တန်း ကျောင်းသူ ကျောင်းသားများမှာ အနီးရှိ ကုလားကြီးကျေးရွာ တွင် ကျောင်းတက်ရောက်ပြီး အထက်တန်း ကျောင်းသူ/သားများမှာ ချောင်းဦး(အ.ထ.က) သို့ တက်ရောက်ကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းဆောင် (၉၀'×၃၀')(၁)ဆောင်ရှိပြီး အရည်အသွေးအသင့်တင့် ကောင်းမွန်ပါသည်။ ကျောင်းတွင်ဆရာ/ဆရာမ စုစုပေါင်း(၅)ဦးရှိပြီး အင်အားလုံလောက်မှုရှိပါသည်။ ကျောင်းတွင် အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမှီမှု နည်းပါးပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကံဇီးကျေးရွာအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျော ရောဂါ၊ သွေးလွန် တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပြီး၊ အသက်(၄၀)ကျော် လူကြီးများမှာ သွေးတိုးရောဂါ ဖြစ်ပွားမှု များပါသည်။ အခြားရောဂါများဖြစ်သော အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ အသည်း ရောဂါ (ဘီ၊စီ)၊ HIV,AIDS ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိရပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ အုပ်စုကျေးရွာဖြစ်သော ကုလားကြီး ဆေးပေးခန်းသို့ ကုသကြရပါသည်။ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ချောင်းဦးမြို့နယ် ဆေးရုံ နှင့် မုံရွာဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကုလားကြီး ကျေးလက်ကျန်းမာရေး ဌာနခွဲမှ ကိုယ်ဝန်ဆောင်မိခင်များ နှင့် ကလေးငယ်များအတွက် လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံ ပေးလျက် ရှိပါသည်။

သောက်သုံးရေအတွက် မြေအောက်ရေ၊ အဝိစိစက်တပ်၊ တုံကင်တွင်းများ၊ မိုးရေလှောင်ကန်များ အသုံးပြုကြပါသည်။ ကျေးရွာတွင် အဝိစိတွင်း စက်တပ်များမှ အဓိကသောက်သုံးရေအဖြစ် အသုံးပြု ကြပါသည်။

ကံဇီးကျေးရွာတွင် အိမ်ထောင်စု(၁၇၀)စုရှိပြီး၊ ယင်လုံအိမ်သာ(၅၃)လုံးရှိပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာ သုံးစွဲမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင် ကျောင်းတွင်လည်း ယင်လုံအိမ်သာများရှိသဖြင့် ကျောင်းသူ/ကျောင်းသားများအတွက် အသုံးပြု ရန်လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကံဇီးကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ မရှိသလောက် နည်းပါးပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ ၃၀ % ရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေးလုပ်သားအဖြစ် အဓိက ဝင်ရောက်လုပ်ကိုင်ကြပါသည်။ အကြွေးတင်ရှိမှုရှိသော အိမ်ထောင်စု အချို့ရှိပြီး ချေးငွေအများစုကို NGO အဖွဲ့အစည်းများမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်းတို့မှ ချေးငွေများ ချေးယူကြပါသည်။ ချေးငွေများကို စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးစရိတ် တို့အတွက် အသုံးပြုကြပါသည်။

အချို့နှစ်များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများ ကြုံတွေ့ရပါသည်။ စိုက်ပျိုးမြေ မြေဆီလွှာ ပျက်စီးမှုရှိပြီး ပံ့ပိုးပစ္စည်းများစွာ အသုံးပြုရပါသည်။ စိုက်ပျိုးပင်မျိုးစိတ် များကို မူဆယ်မြို့မှ ဝယ်ယူရပြီး ယခုအချိန်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း မရှိသေးပါ။ စိုက်ပျိုးရေရရှိမှုမှာ မြေအောက်ရေမှ အလွယ်တကူ ရရှိပါသည်။ သောက်သုံးရေမှာ ကျေးရွာရှိ အဝိစိတွင်းများမှ အလွယ်တကူ ရရှိနိုင်ပါသည်။

၉။ ကျား-မ ရေးရာ

ကံဇီးကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများမရှိပါ။ ပညာရေး နှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေး တန်းတူ ညီစွာရရှိပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု လျော့နည်းသော်လည်း အခြား လူမှုရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ ညီမှု နှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/ သားအုပ်စု(၅)စု၊(က)ရပ်မိရပ်ဖအုပ်စု၊ (ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အုပ်စု၊ (ဃ)အမျိုးသမီးအုပ်စု၊ (င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင်နည်းပညာဆိုင်ရာ၊အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

စီမံချက်	အကဲဖြတ် အမှတ် ပေးသူ(၁)	အကဲဖြတ် အမှတ် ပေးသူ(၂)	အကဲဖြတ် အမှတ် ပေးသူ(၃)	အကဲဖြတ် အမှတ် ပေးသူ(၄)	အကဲဖြတ် အမှတ် ပေးသူ(၅)	ရမှတ် ပေါင်း	ဦးစား ပေး အဆင့်
၁။ ရွာတွင်းလမ်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁

ကွန်ကရစ်ခင်းခြင်း							
၂။ ရွာတွင်း (ရေ့နောက်) လမ်း ကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၉	၁၀	၉	၄၈	၂
၃။ လျှပ်စစ်မီးအတွက် (200)KVA Transformer တပ်ဆင်ခြင်း	၁၀	၉	၉	၈	၁၀	၄၆	၃
၄။ ကုန်ထုတ်လမ်း ဂျင်းခင်းခြင်း	၁၀	၉	၉	၈	၁၀	၄၆	၄
၅။ နာရေးလမ်း ဂျင်းခင်းခြင်း	၈	၈	၁၀	၇	၉	၄၄	၄
၆။ စာကြည့်တိုက် တည်ဆောက်ခြင်း	၈	၁၀	၈	၇	၉	၄၄	၅
၇။ မီးသတ်ကား ထူထောင်ခြင်း	၈	၉	၉	၆	၈	၄၀	၅

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံကိန်း	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁။ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	✔	-	-	-	-
၂။ ရွာတွင်း (ရှေ့နောက်) လမ်းကွန်ကရစ်ခင်းခြင်း	၂	-	✔	-	-	-
၃။ လျှပ်စစ်မီးအတွက် (200)KVA Transformer တပ်ဆင်ခြင်း	၃	-	-	✔	-	-
၄။ ကုန်ထုတ်လမ်း ဂျင်း ခင်းခြင်း	၄	-	-	✔	-	-
၅။ နာရေးလမ်း ဂျင်းခင်း ခြင်း	၄	-	-	-	✔	-
၆။ စာကြည့်တိုက် တည် ဆောက်ခြင်း	၅	-	-	-	✔	-
၇။ မီးသတ်ကား ထူထောင်ခြင်း	၅	-	-	-	-	✔

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကုလားကြီးကျေးရွာအုပ်စု၊ ကံဇီးကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ
၁	ရွာတွင်းလမ်း	မြေသားလမ်းဖြစ်၍ နွေရာသီ	ကျေးရွာသားများ	ငွေကြေး လုံ	လမ်းပြုပြင်ခြင်း အဆင့်မြှင့်	ကွန်ကရစ်လမ်းခင်းခြင်း
	မကောင်းခြင်း	ဖုန်ထူထပ်ပြီး၊ မိုးရာသီ ရွံ့နွံ	လုပ်အားနှင့်ငွေကြေး	လောက်မှု မရှိခြင်း	တင် ဆောင်ရွက်ခြင်း	
	(တောင်–မြောက်)	ထူထပ်ခြင်း	ပူးပေါင်းပါဝင်			
၂	ရွာတွင်းလမ်း	မြေသားလမ်းဖြစ်၍ နွေရာသီ	ကျေးရွာသားများ	ငွေကြေး လုံ	လမ်းပြုပြင်ခြင်း အဆင့်မြှင့်	ကွန်ကရစ်လမ်းခင်းခြင်း
	မကောင်းခြင်း	ဖုန်ထူထပ်ပြီး မိုးရာသီ ရွံ့နွံ	လုပ်အားနှင့်ငွေကြေး	လောက်မှု မရှိခြင်း	တင်ဆောင်ရွက်ခြင်း	
	အရှေ့–အနောက်	ထူထပ်ခြင်း	ပူးပေါင်းပါဝင်			
၃	လျှပ်စစ်ဓါတ်အား	လျှပ်စစ်ဓါတ်အား သုံးစွဲသူ	ကျေးရွာသားများ	ငွေကြေး လုံ	လျှပ်စစ်ဓာတ်အား ပိုများသော	မူလ (100)KVA ထရန်
	မလုံလောက်ခြင်း	များ တိုးလာသောကြောင့်	လုပ်အားနှင့်ငွေကြေး	လောက်မှု မရှိ	ထရန်စဖော်မာ တပ်ဆင်ခြင်း	စဖော်မာအစား (200)KVA
		လျှပ်စစ်ဓါတ်အား မလုံ	ပူးပေါင်း ပါဝင်	ခြင်း		ဓါတ်အားရှိ ထရန်စဖော်မာ
		လောက်ခြင်း				ပြောင်းလဲတပ်ဆင်ခြင်း
၄	ကုန်ထုတ်လမ်း	မိုးအခါ ရွံ့နွံထူထပ်ပြီး နွေ	ကျေးရွာသားများ	ငွေကြေး လုံ	လမ်းအဆင့်မြှင့်တင်ခြင်း	ဂျင်းလမ်းခင်းရန်
	နာရေးလမ်း	အခါ ဖုန်ထူထပ်ခြင်း	ငွေကြေးနှင့် လုပ်	လောက်မှု မရှိခြင်း		
	မကောင်းခြင်း		အား ပူးပေါင်းပါဝင်			

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ကုလားကြီးကျေးရွာအုပ်စု၊ ကံဇီးကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံ ချက် နှင့် လုပ်ငန်းများ
၅	စာကြည့်တိုက်	ကျေးရွာစာကြည့်တိုက် မရှိ	ကျေးရွာမှ လုပ်အား	ငွေကြေး မလုံ	စာကြည့်တိုက်ဆောက်ခြင်း	စာကြည့်တိုက် ဆောက်
	မရှိခြင်း	သဖြင့် လူငယ်လူရွယ်များ	နှင့် ငွေကြေး	လောက်ခြင်း		လုပ်ရန်
		အသိပညာတိုးပွားမှုနည်းပါး	ပူးပေါင်းပါဝင်နိုင်			
		ခြင်း	ခြင်း			
၆	မီးဘေးအန္တရာယ်	ပူပြင်းခြောက်သွေ့သော	ကျေးရွာမှ	ငွေကြေး မလုံ	မီးသတ်ကား ထူထောင်ခြင်း	မီးသတ်ကား ထူထောင်
	စိုးရိမ်ရခြင်း	ဒေသဖြစ်၍ မီးဘေး	ငွေကြေး အနည်း	လောက်ခြင်း		ခြင်း
		အန္တရာယ်	ငယ်ပူးပေါင်းပါဝင်			
		ရံဖန်ရံခါကြုံတွေ့ရခြင်း	နိုင်ခြင်း			

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ – ကံဇီးကျေးရွာ ကျေးရွာအုပ်စု – ကုလားကြီးအုပ်စု မြို့နယ် – ချောင်းဦးမြို့နယ် တိုင်းဒေသကြီး/ပြည်နယ် – စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် – ကျေးရွာ ရွာအဝင်နှင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၃၀၀' ×၁၂'×၆")
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ - လက်ရှိကျေးရွာရှိ လမ်းများမှာ မြေသားလမ်းဖြစ်ပါသည်။ - မိုးရာသီတွင် ရွံ့စေးရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။ - မိုးရာသီတွင် ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် ခက်ခဲခြင်း၊ - ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များခက်ခဲစွာဝင်ထွက်သွားလာနေရခြင်း။ - မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ကား/ထော်လာကျီများသွားလာရာတွင် ခက်ခဲနေပါသည်။
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။ - မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။ - ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။ - ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။
မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ) - လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)

- ကျေးရွာ ရွာအဝင် နှင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၃၀၀' ×၁၂'×၆") လုပ်ငန်း ဆောင်ရွက်ပါမည်။
- လုပ်ငန်းခန့်မှန်းကုန်ကျငွေကျပ်(၁၉၁၁၀၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀/- (ငွေသား) • ၉၁၁၀၀၀၀/- (ငွေသား)(ပစ္စည်း+လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၃၇၅	၄၂၉	**၈၀၄**	၁၆	၂၈	၇၆	၅၀	**၁၇၀**
အကျိုးခံစားမည့်သူဦးရေ	၃၇၅	၄၂၉	**၈၀၄**	၁၆	၂၈	၇၆	၅၀	**၁၇၀**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)
ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၂၀-ခုနှစ်၊ မေလ

(၃)စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၀-ခုနှစ်၊ ဇွန်လ

(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -
- ကျေးရွာ ရွာအဝင် နှင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၃၀၀' ×၁၂'×၆") လုပ်ငန်း ခန့်မှန်းကုန်ကျငွေ (၁၉၁၁၀၀၀၀/-)တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၉၁၁၀၀၀၀/-)နှင့် လုပ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေးပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ
- ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။

- ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းဥပဒေနှင့်ကြားချက်များ ထုတ်ပြန်ပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများ နှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

မင်းခေါင်ကျေးရွာ၊ မကျီးခွကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဝင်းမောင်	ဦးဖိုးငို	၅/ခဥတ(နိုင်)၀၁၈၇၇၈	၆၂	ဥက္ကဋ္ဌ	၀၉-၉၆၇၉၂၈၃၃၉
၂	ဦးသိန်းလွင်	ဦးချစ်ပေါ	၅/ခဥတ(နိုင်)၀၁၉၁၉၁	၅၀	အတွင်းရေးမှူး	၀၉-၉၇၅၄၇၄၂၇၃
၃	ဦးချစ်သဲ	ဦးသိန်း၀င်း	၅/ခဥတ(နိုင်)၀၅၅၂၃၅	၄၇	ဘဏ္ဍာရေးမှူး	၀၉-၄၀၀၄၆၂၂၃၇
၄	ဦးနိုင်မင်းဦး	ဦးကျော်အေး	၅/ခဥတ(နိုင်)၀၅၈၁၇၇	၃၂	စာရင်းကိုင်	၀၉-၉၆၀၀၈၀၀၃၈
၅	ဦးသန်းဦး	ဦးဌေး	၅/ခဥတ(နိုင်)၀၅၉၉၅၇	၅၂	သေ့ကိုင်(၁)	၀၉-၄၂၂၁၂၁၈၆၈
၆	ဦးမိုးကျော်	ဦးကျော်၀မ်း	၅/ခဥတ(နိုင်)၀၅၁၅၄၂	၃၈	သေ့ကိုင်(၂)	၀၉-၉၆၅၆၁၀၆၃၁၁
၇	ဦးမြင့်လွင်	ဦးကျော်တင်	၅/ခဥတ(နိုင်)၀၇၂၁၈၃	၄၃	အဖွဲ့ဝင်	၀၉-၂၅၂၃၂၀၈၃၉၉
၈	ဦအောင်လင်း	ဦးချစ်ပေါ	၅/ခဥတ(နိုင်)၀၄၇၃၈၉	၄၅	အဖွဲ့ဝင်	၀၉-၄၇၀၇၄၀၇၅
၉	ဦးသိန်းတန်	ဦးပေတိုး	၅/ခဥတ(နိုင်)၀၂၀၄၆၀	၄၇	အဖွဲ့ဝင်	၀၉-၄၀၀၁၈၃၀၈၈
၁၀	ဒေါ်သီတာဦး	ဦးတင်မြင့်	၅/ခဥတ(နိုင်)၀၈၆၀၄၆	၄၂	အဖွဲ့ဝင်	၀၉-၉၆၃၉၆၇၃၇၆
၁၁	ဒေါ်စန်းဌေး	ဦးပြေဌေး	၅/ခဥတ(နိုင်)၀၅၁၆၂၈	၃၈	အဖွဲ့ဝင်	၀၉-၉၅၁၅၈၀၈၆၈
၁၂	ဒေါ်နီနီ၀င်း	ဦးထွန်း	၅/ခဥတ(နိုင်)၀၅၈၂၄၈	၃၂	အဖွဲ့ဝင်	၀၉-၇၉၈၉၆၄၆၈၆
၁၃	ဒေါ်မာညို	ဦးဖိုးနီ	၅/ခဥတ(နိုင်)၀၅၅၂၃၃	၄၂	အဖွဲ့ဝင်	၀၉-၄၅၈၀၈၁၁၄၇

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၆	၁၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၅	၃၃	၆၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၇	၂၄	၅၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၂	၁၆	၄၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၆၇	၃၂၅	၅၉၂
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၂၅	၃၃
စုစုပေါင်း		**၃၅၅**	**၄၂၉**	**၈၀၄**
စုစုပေါင်း အိမ်ထောင်စု		**၁၇၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကံဇီးကျေးရွာအတွင်း အိမ်ထောင်ဦးစီးများ ကျေးရွာရပ်မိရပ်ဖများနှင့် ကွင်းဆင်းကောက်ယူပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၅	၂၄၈	-	မြင့် □ လတ်✔ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၆၅	၁၇၀	-	မြင့် □လတ်□ နိမ့် ✔
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈၅	၃၂၉	-	မြင့် □လတ်□ နိမ့် ✔
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား/ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐ နိမ့်☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ**

ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဝင်ငွေရလုပ်ငန်းတွင်အဓိကတောင်သူလုပ်ငန်းဖြစ်ပြီးရာသီအလိုက်စိုက်ပျိုးလုပ်ကိုင်ရာတွင် မိသားစုလုပ်သားအင်အားနှင့် အလုပ်သမားဝန်ထမ်းအင်အားများဖြင့် မျှတလုံလောက်မှုရှိပြီးတခါတရံလုပ်ငန်းများ တိုက်ဆိုင်သည့်အခါတွင် လုပ်သားအင်အား လိုအပ်မှုရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်နှုန်းထား

ဇယား(၃)ချောင်းဦးမြို့နယ်၊ကံဇီးကျေးရွာ၏လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်နှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
လယ်မြေ	၂၉၉	ကောင်း ☐	သင့် ✔		ညံ့ ☐
ယာမြေ / တောင်ယာမြေ	–	ကောင်း ☐	သင့် ☐		ညံ့ ☐
ဥယျာဉ်ခြံမြေ	–	ကောင်း ☐	သင့် ☐		ညံ့ ☐
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐	သင့် ☐		ညံ့ ☐
ခနိတောမြေ	–	ကောင်း ☐	သင့် ☐		ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐	သင့် ☐		ညံ့ ☐
မြေလွတ် မြေလပ်	–	ကောင်း ☐	သင့် ☐		ညံ့ ☐
စုစုပေါင်း	၂၉၉	☒			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်မြေအမျိုးအစားဖြစ်ပြီး မြေအတန်းအစား အသင့်အတင့်ဖြစ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ချောင်ဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ(✓)၊ ကျောက်စရစ်(✓) စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ (✓)၊ဆေးဘက်ဝင် အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၅)ဧကနှင့် ၁၀ဧက ကြား	(၂.၅)ဧကနှင့် (၅)ဧက ကြား	(၂.၅)ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	အာစီ နံကပ်	ပျဉ်ထောင်သွပ်မိုး	ပျဉ်ထောင်ကပ်မိုး	ကပ်မိုး/ကပ်ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	၂/၁၄	၁၅	–	–
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ/ပြည်ပ	တောင်သူ	တောင်သူ/ကျပန်း	ကျပန်း
အိမ်ထောင်စု	၁၆	၂၈	၇၆	၅၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဥစ္စာဓန ပိုင်ဆိုင်မှုအနေဖြင့် အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်သာရှိပြီး အလယ်အလတ် အဆင့်နှင့် မပြေလည်သောအိမ်ထောင်စုမှာ ကျန်အိမ်ထောင်စုများ၏ ထက်ဝက်ခန့်ရှိပါသည်။ မပြေလည်သော အိမ်ထောင်စုများထဲမှ အလွန်အဆင်မပြေသော အိမ်ထောင်စု(၁၀)စုခန့်သာ ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)	
၃ လအောက် ဝမ်းစာဖူလုံမှု	၅၀	အခြားအစာပြောင်းလဲစား	= _____မရှိ___
		အစာလျှော့စား	= _____မရှိ___
		အထောက်အပံ့ယူ	= _____မရှိ___
		ချေးယူ	= _____(၂၅)____
		လုပ်အားခကြိုယူ	= _____(၂၅)____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၈၆	အခြားအစာပြောင်းလဲစား	= _____မရှိ___
		အစာလျှော့စား	= _____မရှိ___
		အထောက်အပံ့ယူ	= _____မရှိ___
		ချေးယူ	= _____(၅၀)____
		လုပ်အားခကြိုယူ	= _____(၃၆)____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	–	အခြားအစာပြောင်းလဲစား	= _____မရှိ___
		အစာလျှော့စား	= _____မရှိ___

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)	
		အထောက်အပံ့ယူ ချေးယူ လုပ်အားခကြိုယူ	= _____မရှိ___ = _____မရှိ___ = ____မရှိ___

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း ဝမ်းစာဖူလုံမှု မရှိသော အိမ်ထောင်စုမှာနည်းပါးပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	မရှိ		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	မရှိ		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	မရှိ		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အသက်(၆၄)နှစ်အထက် သက်ကြီးရွယ်အိုများတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော ပုဂ္ဂိုလ်မရှိပါ။ သို့ရာတွင် ဆင်းရဲသော အိမ်ထောင်စုမိသားစုများတွင် ကူညီစောင့်ရှောက်မှုပေးရာတွင် လိုအပ်သော ပြုစုစောင့်ရှောက်မှု ပြည့်ဝမှုမရှိသူများရှိနေပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ✔	နိမ့် ☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ✔	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ✔

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု(✓)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေမှာ နဂါးတွင်းတာတမံဆောင်လုပ်ပီးစီး ချိန်မှ ယခုအချိန်ထိ မြစ်ရေကြီးခြင်း၊ ရေနစ်မြုပ်ခြင်းများ အနည်းငယ်သာ သက်ရောက်မှုရှိပြီး မုန်တိုင်း၊ငလျင်ဘေး၊ မီးဘေးများမှာ ယခုအချိန်တွင်း မရှိသလောက်ဖြစ်ပေါ်နိုင်သည့် အခြေအနေသာ ရှိပါသည်။ မိုးခေါင်ခြင်းသည် ယခင် နှစ်က လွန်ခဲ့သော နှစ်များထက် မိုးရွာသွန်းမှု နည်းပါလျှက်ရှိပါသည်။ ငှက်ဖျား၊တီဘီ၊HIV ရောဂါဖြစ်ပွားသူ လွန်စွာ နည်းပါးပါသည်။ တိရိစ္ဆာန်ရောဂါ ကူးစက်မှုနည်းပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ချောင်းဦးမြို့နယ်၊ ကံဖီးကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု / ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂✔ ၃☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၂	ဂေါပက	၁☐ ၂✔ ၃☐	၃	-	၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၃	ဖွံ့ဖြိုးလမ်း	၁☐ ၂✔ ၃☐	၈	၅	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး	ကောင်း ✔ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄	လူမှုကူညီရေး	၁☐ ၂✔ ၃☐	၁၀	၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလက်ရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများကို ကျေးရွာအတွင်း မှ လူမှုရေးကိစ္စများ ကို စိတ်ဝင်စားသူများဖြင့် ဖွဲ့စည်းထားပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) **ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏**ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ✔ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	အလိုင်းရင့် ငွေစုငွေချေး	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ✔ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၃	ပရောစီမီတီ	၁□ ၂✔ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး ✔ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄	အီးဇီး	၁□ ၂✔ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး ✔ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅	အဇန့်	၁□ ၂✔ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး ✔ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆	စထာပနာ	၁□ ၂✔ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး ✔ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ-ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ) (ဥပမာ-Care International,Save the Children,Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း လုပ်ငန်းအမျိုးအစားအလိုက် လိုအပ်သော ငွေကြေးများ ချေးပေးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၄၇	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၉	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	–	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၇၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ၅ဧကနှင့်အထက် မြေယာပိုင်ဆိုင်သော တောင်သူနည်းပြီး မြေယာ ၁ဧကနှင့် ၅ဧကကြား တောင်သူနှင့် မြေယာမဲ့တောင်သူအများစုရှိကြောင်းတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်း ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	၄၄၂	တစ်နှစ်ပတ်လုံး□ရာသီအလိုက်✔မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး		တင်း	၄၀	၁၀၀	၇၀	၁	၄	မြင့်□လတ်√နိမ့်□	မြင့်□လတ်□နိမ့်√
ဂျုံ		တင်း	၁၅	၃၀	၂၅	၁	၄	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
ကုလားပဲ		တင်း	၅	၁၅	၁၀	၁	၃	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
နှမ်း		တင်း	၃	၁၂	၇	၁	၄	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
ပဲတီစိမ်း		တန်	၅	၁၅	၁၀	၁	၃	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အဓိကသီးနှံများ၏ အထွက်နှုန်းမှာ ကျဆင်းမှုရှိနေသော်လည်း စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ မိမိတက်စွမ်းသမျှ အသိပညာဖြင့် အရင်းအနှီးများ စိုက်ထုတ်လုပ်ကိုင်နေကြသဖြင့် သီးနှံထက်နှုန်း ပုံမှန်အထွက်နှုန်းအတိုင်းထွက်ရှိပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ချောင်းဦးမြို့နယ်၊ ကံဇီးကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၂	-	-	၁၄၄
လက်တွန်းထွန်စက်	၃၄	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	၈	-	-	-
ရေစုပ်စက်	၇၁	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာသုံးစက်ကရိယာများကို ပြင်ပဈေးကွက်တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ဝယ်ယူနိုင်ရန်အတွက် အရင်းအနှီးများ အတိုးနှုန်းသက်သာစွာဖြင့် ရရှိရေးဆောင်ရွက်သွားရန် လိုအပ်နေပါသည်။

